Myanmar Cyber Security Challenge 2026 ပြိုင်ပွဲဆိုင်ရာအချက်အလက်များ

ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့်နေရာ

၁။ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် Myanmar Cyber Security Challenge 2026 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၊ နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

၂။ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန်။

အကျိုးကျေးဇူးများ

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကမ္ဘာနှင့်အဝှမ်း ဆိုက်ဘာရာဇဝတ်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ တိုးတက်များပြားလာသည့်အတွက် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး၏ အရေးပါမှုကို သိရှိလာစေခြင်း၊

(ခ) လူငယ်လူရွယ်များ၏ ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များအား ပိုမိုမြှင့်တင်နိုင်ခြင်း၊

(ဂ) အာဆီယံနှင့် နိုင်ငံတကာဆိုက်ဘာလုံခြုံရေးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေးများ ရရှိစေခြင်း။

ပြိုင်ပွဲဝင်လျှောက်လွှာများခေါ်ယူခြင်း

၄။ ပြိုင်ပွဲဝင်လျှောက်လွှာများကို ၂၆-၆-၂၀၂၆ ရက်နေ့တွင် Myanmar National Web Portal ဖြစ်သော www.myanmar.gov.mm နှင့် မြန်မာဆိုက်ဘာအရေးပေါ်တုံ့ပြန်ရေးဌာနခွဲ၏ Website ဖြစ်သော www.mmcert.org.mm တို့တွင် လွှင့်တင်ပေးထားမည် ဖြစ်ပါသည်။ ပြိုင်ပွဲတွင် အသင်းပေါင်း ၂၅ သင်းအား ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ရာ ပြိုင်ပွဲဝင် ၂၅ သင်းထက် ကျော်လွန်ပါက ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြန်လည်စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး စိစစ်ရွေးချယ်ထားသည့် ၂၅ သင်းသာ နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည် ဖြစ်ပါသည်။

ချီးမြှင့်မည့်ဆုများ

၅။ ချီးမြှင့်မည့်ဆုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပထမဆု - ငွေကျပ် (၃၀)သိန်း၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ

(ခ) ဒုတိယဆု - ငွေကျပ် (၂၅)သိန်း၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ

(ဂ) တတိယဆု - ငွေကျပ် (၂၀)သိန်း၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ

ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသူများ

၆။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရပါမည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရပါမည်။

(ခ) ပညာအရည်အချင်း ကန့်သတ်ချက် မထားဘဲ ၂၂-ခ-၂၀၂၆ ရက်နေ့တွင် အသက် ၂၇နှစ် ထက်မကျော်သော လူငယ်များအား ပါဝင်ယှဉ်ပြိုင်စေမည် ဖြစ်ပါသည်။

ဖြေဆိုရမည့်ကဏ္ဍများ

၇။ အောက်ပါကဏ္ဍများကို သတ်မှတ်ချိန်အတွင်း ဖြေဆိုရမည်ဖြစ်ပါသည်-

(က) Web Security

(ခ) Forensics

(ဂ) Cryptography

(ဃ) Reverse Engineering

(c) Binary Exploits

ပြိုင်ပွဲအစီအစဉ်

၈။ ပြိုင်ပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၀၈:၃၀-၀၉:၀၀ - ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်း၊

(ခ) ၀၉:၀၀-၁၀:၂၀- ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၆ ဆုချီးမြှင့်ခြင်း အစီအစဉ်များ၊

(ဂ) ၁၀:၂၀-၁၀:၃၀ - ပြိုင်ပွဲစည်းကမ်းချက်များရှင်းလင်းခြင်း၊

(ဃ) ၁၀:၃၀-၁၆:၃၀ - ပြိုင်ပွဲယှဉ်ပြိုင်ခြင်း၊

(c) ၁၆:၃၀-၁၇:၀၀ -ဆုချီးမြှင့်ခြင်း။

ပြိုင်ပွဲဝင်များအတွက် စည်းကမ်းချက်များ

၉။ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် MCSC ပြိုင်ပွဲများတွင် နှစ်ကြိမ် ဆုရရှိခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။ MCSC ပြိုင်ပွဲများတွင် တစ်ကြိမ် ဆုရရှိခဲ့ဖူးသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုပါက ဆုရရှိခဲ့သည့်နှစ်တွင် ပါဝင်သည့် ပြိုင်ပွဲဝင်များနှင့်မဟုတ်ဘဲ အခြားသော ပြိုင်ပွဲဝင်များနှင့် အသင်းဖွဲ့၍ ယှဉ်ပြိုင်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

(ခ) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စာရင်းပေးထားပြီး လာရောက်ယှဉ်ပြိုင်ခြင်း မရှိသည့် ပြိုင်ပွဲဝင်များကို ပြိုင်ပွဲယှဉ်ပြိုင်ခွင့် ကန့်သတ် ပိတ်ပင်သွားမည် ဖြစ်ပါသည်။

(ဂ) ပြိုင်ပွဲဝင်အသင်း (၂၅) သင်း ကျော်လွန်ပါက စိစစ်ရွေးချယ်မည့် နည်းလမ်းအသေးစိတ်အား ကြိုတင်အသိပေးသွားပါမည် ဖြစ်ပါသည်။

(ဃ) ပြိုင်ပွဲယှဉ်ပြိုင်စဉ်အတွင်း လိုက်နာရမည့်စည်းကမ်းချက် အသေးစိတ်အား ပြိုင်ပွဲယှဉ်ပြိုင်ခြင်းမပြုမီ ရှင်းလင်းမည်ဖြစ်ပါသည်။

လျှောက်လွှာပေးပို့ရန်

၁၀။ ပြိုင်ပွဲဝင်လျှောက်လွှာများကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ ၁၆:၀၀ နာရီထက် နောက်မကျစေဘဲ အီးမေးလ်လိပ်စာ **mcsc@mmcert.org.mm** သို့ ပေးပို့ရမည်ဖြစ်ပြီး လျှောက်လွှာများရောက်ရှိမှုအခြေအနေအား ဖုန်းနံပါတ် ၀၆၇-၃၄၂၂၇၂ သို့ ဆက်သွယ်အတည်ပြုရပါမည်။ ပြိုင်ပွဲအကြောင်းအသေးစိတ်သိရှိလိုပါက အဆိုပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ